

မောင်ဒေး



# ညများသည်ထိတ်လန့်ဖွယ်ရာ

နှင့် အခြားပင်ကိုရေးဝတ္ထုတိုလေးများ





ILLUSTRATIONS & COVER DESIGN: MAUNG DAY

ညများသည် ထိတ်လန့်ဖွယ်ရာ
1883719851242
5,000 Ks

mgyoe.com
SAMPLE BOOK
mgyoe.com

m g y o e . c o m



m g y o e . c o m

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၆၈

# ညများသည် ထိတ်လန့်ဖွယ်ရာ

နှင့်

## အခြား ပင်ကိုရေး ဝတ္ထုဇာတ်လမ်းများ

## မောင်ဒေး

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ညများသည် ထိတ်လန့်ဖွယ်ရာ နှင့်
အခြား ပင်ကိုရေး ဝတ္ထုဇာတ်လမ်းများ
မောင်ဒေး
ပထမအကြိမ်၊ ဇူလိုင် ၂၀၂၄။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ ညများသည် ထိတ်လန့်ဖွယ်ရာ ၉

၂။ သစ်သားခုတင်ဟောင်း တစ်လုံး ၂၇

၃။ အမွေအကျိုးများ ၄၀

၄။ အထီးကျန် ဂီတသမား ၄၄

၅။ ဆူရှီ ၅၃

၆။ အမာခံ ပရိသတ် ၆၁

၇။ သစ်ပင်အိုကြီး ၇၃

၈။ ဓာတ်လမ်း ၈၂

၉။ ဦးခေါင်း ၈၉

၁၀။ ခြေထောက် ၉၁

၁၁။ ဘီလူးတွေဖတ်တဲ့ စာအုပ် ၉၅

၁၂။ ခြောက်လှန့်ခြင်း ၉၈


mgyoe.com

m g y o e . c o m SAMPLE BOOK

m g y o e . c o m

mgyoe.com SAMPLE BOOK

ဝတ္ထုဇာတ်လမ်းကောင်းများကို ဖတ်ရှုခွင့်၊ အတုခိုးခွင့် ရခြင်းအတွက် သစ္စာနီ၊ ကြူးနှစ်၊ လီယိုပေါလ်ဒို လူဂေါနိစ်၊ အီတိုးဂျွန်ဂျီတို့အား ကျေးဇူး အထူးတင်ရှိလျက်။

**မောင်ဒေး**

mgyoe.com

mgyoe.com
SAMPLE BOOK

'You want it darker
We kill the flame ...'

LEONARD COHEN

mgyoe.com

mgyoe.com SAMPLE BOOK

# ညများသည်ထိတ်လန့်ဖွယ်ရာ

The love that is not all pain is not all love.

ANTONIO PORSHIA

စာရေးစားပွဲမှာ သူ ထိုင်နေတာ အတော်အတန် ကြာသွားပြီ။ အနည်းဆုံး စီးကရက်တစ်လိပ် သောက်စာလောက်တော့ ကြာသွားပြီ၊ ဘာကြောင့်လဲဆိုတော့ အခုတင်ပဲ စီးကရက်တစ်လိပ်ကို နောက်ဆုံးတစ်ဖွာ ရှိုက်ပြီးလို့ ဖင်စီခံကို စားပွဲပေါ်က ဆေးလိပ်ခွက်ထဲ ထိုးခြေထည့်ခဲ့ပြီးပြီ။ ဆေးလိပ်ခွက်ထဲမှာတော့ ယခင်နေ့တွေက သောက်ထားတဲ့ အကြွင်း အကျန် ဖင်စီခံတွေ အများကြီး။ အဲဒီ စီးကရက်တွေ ဆိုတာ ကလည်း ပြီးခဲ့တဲ့ ငါးနှစ်လောက်အထိ သူ့အနေနဲ့ လက်ဖျားနဲ့တောင် မတို့ဖူးတဲ့ အရာတွေ။ အခုတော့ တစ်နေ့ကို အနည်းဆုံး နှစ်လိပ်လောက် —— များသောအားဖြင့် နေ့ခင်း တစ်လိပ်၊ ညဘက် အိပ်ခါနီး တစ်လိပ် —— သောက်ဖြစ်နေတယ်။ ဖင်စီခံတွေ အပြည့်နဲ့ ဆေးလိပ်ခွက်ကို သူ

mgyoe.com

mgyoe.com


ငေးကြည့်နေစဉ်မှာပဲ စီးကရက်ပြာနဲ့ ဖွဲ့စည်းထားတဲ့ မိန်းမအသွင် လူသေးသေးလေး တစ်ယောက် ဖင်စီခံတွေ ကြားကနေ ထွက်ပေါ်လာတယ်။ ပြာမိန်းမရဲ့ မျက်နှာသွင်ပြင်က သူ့အမေနဲ့ တူတယ်၊ ခန္ဓာကိုယ်က မွဲပြာနေပေမဲ့ မျက်လုံးတွေက မီးကျီးခဲများလို နီရဲနေတယ်။ "သေတ္တာကို ယူဖွင့်လိုက်စမ်းပါ၊ သမီးရယ်။ နင့်ဘဝမှာ ဘယ်လိုအရာတွေနဲ့ လွဲချော်ခဲ့ရတယ်ဆိုတာ သိသွားရအောင်၊ သေတ္တာကို နင် မဖွင့်ခဲ့တာလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်လား၊ ဖွင့်လိုက်စမ်းပါ၊ နင့်အတိတ်ကို နင် ပြန်ရင်ဆိုင်လိုက်စမ်းပါ၊ ဘာလဲ၊ အသက်ကြီးလာတော့ သတ္တိတွေ ကြောင်သွားပြီလား"လို့ သူ့ရဲ့ ပြာမိခင်က ပြောတယ်။ တကယ်တော့ ပြာမိခင် ရည်ညွှန်းနေတဲ့သေတ္တာကို သူ သိတယ်။ ဒီစားပွဲမှာ ထိုင်နေမိတယ် ဆိုတာကလည်း အဲဒီသေတ္တာကြောင့်ပဲ။ အတိတ် တစ်ချိန်က မကြည့်ချင်၊ မမြင်ချင်လို့ ချောင်ထိုးထားခဲ့တဲ့ သေတ္တာ၊ သူ မမှတ်ချင်တော့တဲ့ အမှတ်ရချက်တွေကို သိမ်းပိတ်ပေးထားတဲ့ သေတ္တာ။ ဒီနေ့တော့ မနက်အချိန်ကတည်းက အဲဒီသေတ္တာအကြောင်းကို စဉ်းစားမိနေပြီး၊ ဖွင့်လိုက်ရ ကောင်းမလားဆိုတဲ့ အတွေးနဲ့ ချီတုံချတုံ ဖြစ်နေခဲ့တယ်။ ဆေးလိပ်ပြာခွက်ထဲကနေ နောက်ထပ် ပြာမိန်းမတစ်ယောက် ထွက်ပေါ်လာပြန်တယ်၊ သူ့အမေရဲ့ ရုပ်သွင်ပြင်နဲ့ပဲ။ မျက်လုံး နီတွတ်နေတဲ့ ပြာမိခင်ရဲ့ ဘေးချင်းကပ်နေရာမှာ ပေါ်ပေါက်လာတာ ဖြစ်တယ်။ အခုတစ်ဖန် ပေါ်လာတဲ့ ပြာမိခင်ကလည်း သူ့ကို ဖျောင်းဖျတယ်၊ ဒါပေမဲ့ စောစောက ပြာမိန်းမ ပြောသွားတာနဲ့တော့ ဦးတည်ချက်ချင်း ကွာတယ်။ "သမီးရေ၊ အတိတ်က ကိစ္စတွေကို အတိတ်မှာပဲ ဆက်ထားလိုက်စေချင်တယ်၊ စိတ်ထဲကနေ အပြီးအပိုင် လွှတ်ချလိုက်စေချင်တယ်၊ လူဆိုတာကတော့ အမှားတွေ လုပ်မိမှာပဲ၊ နောင်တရစရာ ဖြစ်လာစေမယ့် ဆုံးဖြတ်ချက်တွေကို ချကြရတာချည်းပါပဲ၊ သေတ္တာကို ဒီအတိုင်းသာ ထားလိုက်ပါတော့"လို့ သူက ပြောတယ်။ ဒီ ပြာမိခင်ကျတော့ မျက်လုံးပြာပြာတွေနဲ့၊ လည်ပင်းမှာ ပြာပုတီးတစ်ကုံး ဆွဲထားတယ်။ သူလည်း ဘာမှ ပြန်မပြောမိဘဲ၊ ဘာမှ ပြန်မပြောနိုင်ဘဲ၊ ပြာမိခင် နှစ်ယောက်ကိုသာ ငေးစိုက်ကြည့်

mgyoe.com

mgyoe.com SAMPLE BOOK


နေမိတယ်။ ပြာမိခင်တွေကလည်း သူ့ကို ပြန်ကြည့်နေကြတယ်။ သူက ဘာမှ ကြိုတင်စဉ်းစားခြင်း မရှိဘဲ ပြာရုပ်တွေဘက်ကို လေနဲ့ ဗူးခနဲ မှုတ်လိုက်တယ်၊ ပြာမိခင်တွေ ပြာမှုန်အဖြစ် ပြာခွက်ထဲ လွင့်စဉ် ကြွေကျ သွားကြတယ်။

မျက်လုံးရဲရဲနဲ့ ပြာမိခင်ကို သူ အနိုင်ပေးလိုက်တယ်၊ ဒါပေမဲ့ ဒီလို ပြောတာကလည်း အမှန်တော့ မဟုတ်ဘူး။ တကယ်တော့ သူကိုယ်တိုင်ရဲ့ စိတ်မှာလည်း သေတ္တာဖွင့်ဖို့ဘက်ဆီ အားသန်နေပြီးသား။ သေတ္တာထဲက ပစ္စည်းတွေကို တွေ့တဲ့အခါ ရင်ဆိုင်ရမယ့် ခံစားမှုတွေအတွက်တော့ အနည်းငယ် စိုးရွံ့မိတာ အမှန်ပဲ၊ တစ်ဖက်က ကြည့်ပြန်ရင်လည်း သူ့ ခေါင်းထဲကနေ အတင်း မောင်းထုတ်ထားတဲ့ အကြောင်းအရာတွေကို ပြန်လည် တွေးကြည့်ရမယ့် အချိန်မျိုး ရောက်နေပြီ။ သူ မှားခဲ့တာတွေ ရှိရင်လည်း ကိုယ့်ဟာကိုယ် လက်ခံလိုက်ဖို့ အချိန်တန်ပြီလို့ သူ ယုံကြည် တယ်။ သူ နေတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ရဲ့ အပေါ်ထပ်မှာ ထပ်ခိုး နိမ့်နိမ့်လေးတစ်ခု ရှိတယ်။ အဲဒီနေရာပဲပေါ့၊ ပြဿနာသေတ္တာ တည်ရှိ နေတဲ့နေရာ။ အပေါ်ထပ် အခန်းရဲ့ထောင့်တစ်နေရာက လှေကားထစ် တွေအတိုင်း ထပ်ခိုးဆီကို သူ တက်ခဲ့တယ်။ "ကျနေ"က ပိုပူတယ်လို့ လူတွေ ပြောတတ်ကြတဲ့အတိုင်းပဲ၊ ညနေ လေးနာရီကျော်အချိန်ရဲ့ အပူ ချိန်က ထပ်ခိုးပေါ်မှာတော့ အတော့်ကို ပြင်းတယ်။ ဒီအပေါ်မှာ သူ ကြာ ကြာ မနေနိုင်လောက်ဘူးဆိုတာကို သိနေတာကြောင့် ထပ်ခိုး ညာဘက် ထောင့်က သံသေတ္တာဆီကို သူ သွားလိုက်တယ်၊ အမိုးက နိမ့်တာမို့ ခါးကို ကိုင်းပြီး ခပ်ဖြည်းဖြည်း လျှောက်ရတယ်။ သံသေတ္တာဆီ ရောက် တော့ သော့ခတ်ထားခြင်းလည်း မရှိတာမို့ သေတ္တာအဖုံးကို ဖွင့်လိုက် တယ်။ အထဲမှာ အဝတ်ဟောင်းတချို့၊ စာအုပ်ဟောင်းတချို့၊ ပြီးတော့ ထင်းရှူးသားနဲ့လုပ်ထားတဲ့ သေတ္တာလေး တစ်လုံး။

အဲဒီသေတ္တာကို မ,ယူလိုက်ပြီး၊ ဘေးနားကို ခဏချ၊ သံသေတ္တာ အဖုံးကို ပြန်ပိတ်၊ နောက်၊ လှေကားအတိုင်း ခပ်မြန်မြန် ပြန်ဆင်းလာ ခဲ့တယ်။ နွမ်းနယ်နေတဲ့ သူ့မျက်နှာမှာ ချွေးသီးချွေးပေါက်တွေ။ ထင်းရှူး

mgyoe.com

mgyoe.com
SAMPLE BOOK

သေတ္တာကို စာရေးစားပွဲဆီ ယူသွားပြီး စားပွဲမျက်နှာပြင်ပေါ် တင်ထားလိုက်တယ်၊ ပြာခွက်ကို စားပွဲရဲ့ထိပ်ဘက်နား ရွှေ့လိုက်တယ်။ သေတ္တာကို သူ ချက်ချင်း မဖွင့်ဖြစ်ဘူး။ စီးကရက်ဘူးဆီကိုသာ လက်လှမ်းလိုက်မိတယ်။ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖို့ ပြင်တယ်၊ ဒါပေမဲ့ မီးမတို့ဖြစ်ဘဲ စီးကရက်ကိုသာ ဘူးထဲ ပြန်ထည့်လိုက်တယ်။ သေတ္တာက ဖုန်အထပ်ထပ်။ သေတ္တာကို စားပွဲအနီးက ပြတင်းပေါက်ဆီ ယူသွားပြီး အဖုံးပေါ်က ဖုန်တွေကို မှုတ်ထုတ်လိုက်တယ်၊ ပြီးတော့ စားပွဲဆီ ပြန်လာကာ သေတ္တာကို စားပွဲပေါ်မှာ ခပ်သာသာလေး ပြန်ချထားလိုက်တယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့ တုံ့ဆိုင်း လက်တွေက သေတ္တာအဖုံးဆီကို ရောက်သွားကြတယ်၊ ကြေးပတ္တာငယ်ကို မ,တင်လိုက်ပြီး အဖုံးကို ဖွင့်လိုက်တယ်။

သေတ္တာအထဲမှာ ပစ္စည်းတချို့ အထပ်လိုက် တည်ရှိနေတယ်။ အပေါ်ဆုံးမှာက ဓာတ်ပုံတစ်ထပ်။ တစ်ပုံက သူငယ်စဉ်က သူ့မိဘတွေနဲ့ အတူ ရိုက်ထားတဲ့ ဓာတ်ပုံ၊ စတူဒီယိုတစ်ခုထဲမှာ ရိုက်ယူထားတဲ့ အဖြူအမည်းပုံလေး၊ နောက်တစ်ပုံက သူ့အမေ အသက် ၆၀ ပြည့်မှာ ရိုက်ထားတဲ့ ဓာတ်ပုံ။ အခုအချိန်မှာ သူကိုယ်တိုင်ကလည်း အသက် ၆၀ ကျော် အရွယ်၊ တိတိကျကျဆိုရင် ၆၅ နှစ်အရွယ် အမျိုးသမီးကြီးတစ်ယောက် ဖြစ်နေခဲ့ပြီ။ ပြီးတော့ သားအမိ နှစ်ယောက်ရဲ့ ၆၀ ကျော်အရွယ် မျက်နှာထားက အတော်တောင် ဆင်တူနေတယ်။ သူ့ရင်ဘတ်ထဲမှာ အောင့်ခနဲတော့ ခံစားလိုက်မိတယ်။ သူ့အမေအကြောင်း တွေးရင် ခါးသီးနာကျင်မှုတွေက ကပ်ပါလာလေ့ ရှိတယ်။ တကယ်တော့ သူနဲ့ သူ့အမေတို့ရဲ့ ကြားမှာ တောင့်တင်း အေးခဲတဲ့ အလွှာတစ်လွှာ အမြဲရှိနေခဲ့တယ်။ ဒီလိုဖြစ်ခဲ့တာမှာ သူကိုယ်တိုင်လည်း အပြစ်မကင်းခဲ့ဘူး၊ သူ့ရဲ့ ဗီဇသဘာဝကိုယ်နှိုက်က ပြဿနာဖြစ်နေခဲ့တာပဲ။ သူက ငယ်စဉ်ကတည်းက တိတ်တိတ် ဆိတ်ဆိတ် နေတတ်သူ၊ မိဘတွေကို ချွဲကပ်တဲ့ အပြုအမူမျိုးကို ငယ်စဉ်ကတည်းက သိပ်မလုပ်ခဲ့။ သူ့မှာ သူငယ်ချင်း ဆိုတာမျိုးတွေလည်း သိပ်များများစားစား မရှိ၊ အတန်းဖော် ဆိုတာမျိုးသာ ရှိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ငယ်စဉ်တုန်းက သူ ပုံမှန်လုပ်တဲ့အလုပ် နှစ်ခုသာ ရှိတယ်၊ ပန်းပင်စိုက်တာနဲ့၊ စာဖတ်တာ။ နှစ်ခုစလုံးက တစ်ယောက်တည်း အချိန်ကုန်ရတာမျိုးတွေ။ သူ့အဖေက ကုန်သည်၊ ခရီး မကြာခဏ သွားတယ်၊ အိမ်ပြန်လာတဲ့အခါ နောက်ထပ် ခရီးသွားဖို့ ပြင်ဆင်ရင်း အချိန်ကုန်တယ်။ သူ့အဖေနဲ့ သူနဲ့ ကြားက ဆက်သွယ်ချက်ကတော့ ပန်းပင်တွေပဲ၊ သူ့အဖေ ခရီးထွက်တဲ့အခါ သူ လိုချင်တဲ့ ပန်းမျိုးစေ့လေးတွေကို ဝယ်လာပေးတတ်တယ်။ သူ့အမေက အစိုးရရုံး စာရေးတစ်ယောက်၊ သူ့အပေါ်မှာ လိုလားချက်တွေ ရှိတယ်၊ စည်းကမ်းတင်းကျပ်ဖို့ ကြိုးစားတယ်။ သူက အရွယ်ကြီးလာလေလေ၊ သူနဲ့ သူ့အမေ ကြားမှာ ပြဿနာများလာလေလေပဲ။ သူ့အဖေက နောက်ပိုင်းမှာ စီးပွားရေးတွေလည်း သိပ်မကောင်း ဖြစ်ပြီး၊ ကုန်သည်အလုပ်ကို စွန့်၊ အိမ်မှာ ဈေးဆိုင်တစ်ခု တည်တယ်။ တက္ကသိုလ်ဝင် စာမေးပွဲကို သူ အောင်တော့ အမှတ် ကောင်းတယ်၊ သူ့အမေက သူ့ကို ဆေးကျောင်း တက်စေချင်တယ်။ သူက ကျောင်းဆရာမ လုပ်ချင်တယ်။ အဲဒီကိစ္စမှာ သားအမိနှစ်ယောက် အကြီးအကျယ် စကားများပြီး၊ နောက်ရက်တွေမှာပါ စကားမပြောကြတဲ့အထိ ဖြစ်လာတယ်။ နောက်ဆုံးတော့ ကျောင်းဆရာမ အလုပ်ကိုပဲ သူက ခေါင်းမာမာနဲ့ ရွေးချယ်ခဲ့တယ်၊ ပထမဆုံး တာဝန်ကျတာက မြစ်ကြီးနား၊ သူ့ဇာတိဖြစ်တဲ့ ရန်ကုန်နဲ့တော့ အဝေးကြီးပေါ့။ မြစ်ကြီးနားမှာ တာဝန်ကျတာကို သူ လက်ခံလိုက်တယ်ဆိုတာဟာ သူနဲ့ သူ့အမေကြားက တည်းတည်းမျှသော ကြိုးမျှင်ကလေးကို ဖြတ်လိုက်သလို ဖြစ်ခဲ့မှန်း သူရော၊ သူ့အမေပါ ခံစားမိခဲ့တယ်။ သူ့အမေကို နှုတ်ဆက်စဉ်က သူ့အမေဟာ သူ့ကို မကြည့်ဘဲ၊ မျက်နှာကို တစ်ဖက်လွှဲလို့ ငိုယိုနေခဲ့တယ်၊ "ဒါမျိုး ဖြစ်လာမယ်ဆိုတာကို နင် ငယ်ငယ်တုန်းကတည်းက ငါ သိနေခဲ့တယ်"လို့ ရေရွတ်တယ်။ သူကတော့ ဘာမှ ပြန်မပြောခဲ့ဘူး၊ သူဟာ တစ်ကိုယ်ကောင်းဆန်သူ၊ တစ်ဘို့တည်းသမားလို့ သူ့အမေက သတ်မှတ်ထားခဲ့ပြီးကြောင်း သူကိုယ်တိုင်ကလည်း ငယ်စဉ်ကတည်းက ခံစားသိရှိနေခဲ့တာ ဖြစ်တယ်။ အဲဒီလို အထင်မျိုးက သူ့အမေမှာတင်မက သူ့ဝန်းကျင်က လူတချို့နဲ့ ကျောင်းနေဖက် တချို့

mgyoe.com

mgyoe.com


မှာပါ ရှိနေခဲ့တဲ့ အထင်မျိုးပဲ။ သူ့အဖေ ဆုံးတော့ သူက ကသာမြို့က စာသင်ကျောင်းတစ်ကျောင်းမှာ ကျောင်းအုပ် ဖြစ်နေပြီ၊ အဲ့ဒီ မတိုင်ခင်မှာ ကျောင်းအလီလီ ပြောင်းလို့ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ တဖြည်းဖြည်း ရာထူးတက်လာခဲ့တာပဲ ဖြစ်တယ်။ သူ တာဝန်ကျတဲ့ ကျောင်းတိုင်းမှာ သူ့ဂုဏ်သတင်းက ကျော်စောလေ့ ရှိတယ်။ စည်းကမ်းကြီးသူ၊ အလုပ်ကြိုးစားသူအဖြစ် နာမည်ကြီးသလို၊ လူမှုရေး မရှိသူ၊ စိတ်ဓာတ်မာကျောခက်ထန်သူအဖြစ်နဲ့လည်း နာမည်ကြီးတယ်။ သူ့အဖေ ဆုံးတယ်ဆိုတဲ့ သတင်းကို ရတဲ့နေ့က ကျောင်းမှာ သူ အလုပ်များနေချိန်။ နောက်ရက်ဆိုရင် ပညာရေးဝန်ကြီး လာမှာမို့လို့ ပြင်ဆင်မှုတွေလုပ်ရင်း စိတ်မအား၊ လူမအား ဖြစ်နေချိန်။ ဝန်ကြီး ရောက်လာတဲ့အခါ စာသင်ဆောင်အသစ်တစ်ခု ဆောက်ဖို့အတွက် ရန်ပုံငွေပါလာမယ် ဆိုတာကိုလည်း သိထားတာကြောင့် ဝန်ကြီးရဲ့ လာရောက်မှုကို အားလုံးက ကြိုဆို မျှော်လင့်နေချိန်လည်း ဖြစ်တယ်။ သူ့အဖေဆီကို သူ ချက်ချင်း လိုက်မသွားဖြစ်ခဲ့ဘူး၊ နောက်တစ်ရက်မှာလည်း မသွားဖြစ်ဘူး။

ဝန်ကြီးကို သူကိုယ်တိုင် ဦးဆောင် ကြိုဆိုခဲ့ပြီး၊ ကိစ္စအထွေထွေ ပြီးတဲ့အထိ ဆက်နေခဲ့တယ်။ သေပြီး သုံးရက်မြောက်နေ့မှာ လုပ်တဲ့ အသုဘကိုတော့ မီအောင် သွားခဲ့တယ်။ သူ့အမေက သူ့ကို စကား မပြောဘူး၊ မေးခွန်းတစ်ခွန်းတော့ မေးတယ်။ "နင့်အဖေအတွက် နင် ငိုပြီးပြီလား"တဲ့။ သူ့အဖေ ဆုံးပြီးနောက် သူ့အမေက မင်္ဂလာဒုံဘက်မှာ တရားစခန်းတစ်ခု ဝင်တယ်၊ သူက သူ့ရဲ့ကျောင်းကို ပြန်လာခဲ့တယ်။ သူ့အမေ သက်ရှိထင်ရှား ဆက်ရှိနေတဲ့ နောက်သုံးနှစ်တာ ကာလအတွင်း သားအမိနှစ်ယောက်ရဲ့ ဆက်ဆံရေးက ဘာမှ မရှိတော့သလောက်ပဲ။ သူ့အမေ သေပြီးနောက် သူလည်း သူ့ကျောင်းရှိရာ ကသာမြို့မှာပဲ ဆက်နေပြီး ကျောင်းကိစ္စတွေကိုပဲ စိတ်နှစ် လုပ်ဆောင်ခဲ့တယ်။ မိဘတွေရဲ့ အိမ်ကို မရောင်းဘဲ ထားခဲ့တယ်။ အခုတော့ သူလည်း အလုပ်ကနေ ပင်စင်ယူခဲ့ပြီး ရန်ကုန်ကို ပြန်လည်ပြောင်းရွှေ့ကာ မိဘတွေ ချန်ထားရစ်တဲ့ အိမ်အိုကြီးမှာ ဆက်နေခဲ့တယ်။

* * *

mgyoe.com

mgyoe.com

SAMPLE BOOK


ထင်းရှူးသေတ္တာထဲက ဓာတ်ပုံတွေကို သူ ဆက်ပြီး ကြည့်တယ်။

ဓာတ်ပုံဟောင်းတစ်ပုံကို သူ စိုက်ကြည့်နေမိပြန်တယ်၊ နောက်ကျော ဘက်ကို လှန်ကြည့်တော့ [မီးမီး၊ ကိုကို၊ ဇင်မာ၊ လူမိုးတို့နဲ့အတူ၊ ၁၉၈၃ ခုနှစ်၊ တန်ခူးလ] လို့ ရေးထားတာ တွေ့ရတယ်။ ဓာတ်ပုံထဲမှာ အစား အသောက် အစုံအလင်နဲ့ စားပွဲဝိုင်းတစ်ခု၊ စားပွဲကို ဝိုင်းပြီး ကြမ်းပြင်မှာ ထိုင်နေသူတွေက ကင်မရာကို ကြည့်ပြီး ရယ်နေကြတယ်၊ အားလုံး ဟက်ဟက်ပက်ပက် ရယ်နေပေမဲ့ သူ့ဘေးမှာ ထိုင်နေတဲ့ ကိုကိုကတော့ ပြုံးတယ်ဆိုရုံလေး၊ အဲဒါ ကိုကို့ပုံစံပဲ၊ ကင်မရာရှေ့ ရောက်ရင် အလွန် ရှက်တတ်တယ်။ ကိုကို့ကို သူ့ညီမ မီးမီးက ကိုကိုလို့ ခေါ်တာကို သူက လည်း ရောပြီး လိုက်ခေါ်မိတယ်။ သူနဲ့ မီးမီးက ပညာရေးကောလိပ်မှာ တုန်းက တွေ့ခဲ့ပြီး ကျောင်းပြီးလို့ ကိုယ်စီ တာဝန်ကျတဲ့အရပ်ကို ပြောင်း ရွှေ့တဲ့အထိ ဆက်လက် ခင်မင်နေခဲ့ကြတယ်။ ကောလိပ်ကျောင်းသူ ဘဝမှာ မီးမီးတို့အိမ်ဆီ လည်ပတ်ရင်း ကိုကိုနဲ့ တွေ့တာပဲ၊ နောက်ပိုင်း ဆက်ဖြစ်လာတာတွေကတော့ သူ့ရဲ့ကျောမှာ ကနေ့အထိ မျက်ဝင်နေတဲ့ ဆူးတစ်ချောင်း ဖြစ်တယ်။ ဒီကိစ္စမှာလည်း သူက တရားခံလို့ပဲ အများက လက်ခံထားကြတယ်၊ အစမှာတော့ သူကိုယ်တိုင်လည်း သူ့ကိုယ်သူ ပြန် စွပ်စွဲ၊ အပြစ်တင်၊ အမိန့်ချခဲ့တယ်၊ ဒါပေမဲ့ နှစ်တွေ ကြာလာတော့ နာကျင်လိုက်၊ ထုံကျဉ်လိုက်နဲ့ပဲ ပေပြီး နေခဲ့တယ်။ တကယ်ဆို ကိုကို့ကို သူ သံယောဇဉ် ရှိတယ်၊ သူ့ဘဝမှာ အတူအိပ်ဖူးတဲ့ ယောကျ်ား ဆိုလို့လည်း ကိုကို တစ်ယောက်ပဲ ရှိတယ်။ ဒါပေမဲ့ သူ့ဘက်က တွေဝေလွန်းခဲ့၊ တုံ့ဆိုင်းလွန်းခဲ့တယ်။ ကိုကိုက တီဗီ၊ ကက်ဆက်၊ ကား၊ ရေခဲသေတ္တာ စတဲ့ ဖိမ်ခံပစ္စည်းတွေကို နိုင်ငံခြားကနေ သွင်းသူ၊ သူ့ကို ချစ်ခဲ့တယ်၊ လက်ထပ်ယူချင်တယ်၊ အပြင်မှာ လွတ်လွတ်လပ်လပ် တွေ့ချင်တယ်။ ကိုကို လိုချင်တဲ့အရာ အားလုံးကို သူ့ဘက်ကလည်း လိုချင်ပါတယ်၊ ဒါပေမဲ့ သူကိုယ်တိုင်က ကိုကိုနဲ့ ဘယ်လောက် နေနိုင်မှာလဲ၊ ကိုကိုကရော သူ့ကို ရေရှည်မှာ ဆက်ပြီး သည်းခံနိုင်မလား၊ ကိုကို့ကို ပျော်အောင်

mgyoe.com

mgyoe.com

SAMPLE BOOK


သူ ထားနိုင်မယ်လို့ မထင်၊ သူ့ကြောင့် ပျော်ရသူရယ်လို့လည်း သူ သိပ် မတွေ့မိ၊ အဲဒါ သူ့မိဘတွေ အပါအဝင်ပဲ။ ဒီလိုနဲ့ ကိုကို့ကို အဆက် ဖြတ်ပြီး နေခဲ့တယ်၊ ပထမတော့ မီးမီးနဲ့ အဆက်အသွယ် လုပ်ဖြစ်သေး တယ်၊ ဒါပေမဲ့ သူ ရှိတဲ့နေရာကို မီးမီးကတစ်ဆင့် ကိုကို သိနိုင်တာ ဆိုတော့၊ နောက်တစ်ခေါက် ပိုစတင် ပြောင်းတဲ့အခါမှာ မီးမီးကိုပါ မပြောဘဲ အဆက်အသွယ် ဖြတ်ခဲ့တယ်။

* * *

ဓာတ်ပုံတွေရဲ့အောက်မှာ စာတစ်ထပ်၊ စာအိတ်နဲ့ ထည့်ပိတ်ထား ပြီး၊ လိပ်စာပါ မှုထားတယ်။ ကိုကို့ဆီ သူ မပို့ဖြစ်ခဲ့တဲ့ စာတွေ။

* * *

ဓာတ်ပုံတွေ၊ စာတွေကို ထင်းရှူးသေတ္တာထဲ စီစီရီရီ ပြန်ထည့်၊ ထပ်ခိုးဆီ တစ်ခါ ပြန်သယ်၊ ပြီးတော့ သံသေတ္တာထဲကို ပြန်ထည့်ထား လိုက်တယ်။ အဲဒီနောက် အောက်ကို ပြန်ဆင်းလာခဲ့ပြီး၊ မီးဖိုချောင်ထဲကို ဝင်လို့ တရှုပ်ရှုပ် ငိုနေတော့တယ်။

* * *

နောက်နေ့မနက် သူ အိပ်ရာက နိုးလာတော့ စိတ်အနည်းငယ် လန်းဆန်းနေသလို ရှိတယ်။ ရပ်ကွက်ထိပ်က ဈေးဆီ သူ သွားတယ်၊ ဟင်းချက်စရာ ဝယ်ရင်းနဲ့ ပန်းထိမ်ငိုပန်း တစ်စည်းပါ ဝယ်ခဲ့တယ်၊ အိမ်ရောက်တော့ ဘုရားစင်မှာ ပန်းထိမ်ငိုပန်းတွေ ကပ်လှူတယ်။ ပြီးတော့ စာကြည့်စားပွဲမှာ ထိုင်ပြီး၊ ဖတ်လတ်စ စာအုပ်တစ်အုပ်ကို ဖတ်တယ်။ တစ်ခါတစ်ရံ ပြတင်းပေါက်ရဲ့အပြင်ကို ငေးတယ်၊ စီးကရက်တစ်လိပ်ကို ထုတ်သောက်တယ်။ နောက်တော့ ရေချိုး၊ ထမင်းစားပြီး မြို့ထဲကိုသွားဖို့ စဉ်းစားလိုက်တယ်၊ စာအုပ်ဆိုင်လေး ဘာလေးသွား၊ မုန့်လေး ဘာလေး ဝယ်၊ ရုပ်ရှင်ကား ကောင်းတာ ရှိရင်လည်း ဝင်ကြည့်မယ်လို့ သူ တွေးထား

mgyoe.com

တယ်။ မြို့ထဲကို ရောက်ဖို့က သူ လာရာ ဆင်ခြေဖုံးကနေဆိုရင် တစ်နာရီခွဲလောက် ကားစီးရတယ်၊ အိမ်ကနေ ကားဂိတ်ကို သွားတဲ့အခါ လမ်းသွယ်အတိုင်း သုံးမိနစ်စာလောက် လျှောက်၊ ညာဘက် ချိုး၊ စိုက်ပျိုးရေးရုံးကို ဖြတ်၊ တာလမ်းမပေါ် တက်ပြီးမှ ကားလမ်းကို ကူး၊ ကားလမ်းအတိုင်း ညာဘက်ကို နောက်ထပ် သုံးမိနစ်လောက် လျှောက်၊ အဲဒါမှ ကားဂိတ်ကို ရောက်တယ်။ မြို့ထဲ ရောက်လို့ ကားပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက် အအေးဆိုင်တစ်ဆိုင်ထဲ ဝင်ပြီး မန်ကျည်းဖျော်ရည်အေးအေးကို သောက်၊ ပြီးတော့ စာအုပ်ဆိုင်ဘက်ဆီ လျှောက်ခဲ့တယ်။ စာအုပ်ရှစ်အုပ်လောက်ကို မြည်း၊ စာအုပ်သုံးအုပ်ကို ဝယ်ပြီးတဲ့နောက် ရုပ်ရှင်ရုံဘက်ကို သူ သွားတယ်။ သူ့စိတ်ကူးက ရုပ်ရှင်ကားကောင်း ပြရင်ဝင်ကြည့်မယ်၊ ရုံထဲမဝင်ခင် အဲဒီနားက ကြေးအိုးဆိုင်မှာ ကြေးအိုး စားမယ်။ ရုပ်ရှင်ရုံရှေ့ကို ရောက်တော့ ကြော်ငြာဆိုင်းဘုတ်ကြီးက ဝင့်ဝင့်ထည်ထည်။ အိန္ဒိယဇာတ်ကားသစ်က ကြည့်ကောင်းမယ့်ဟန် ရှိတယ်၊ သူ ကြိုက်တဲ့ မင်းသားဖြစ်တဲ့ ဆူလေမန်ခန်းလည်း ပါတယ်။ ပြသချိန်ကလည်း အတော်အတန် လိုသေးတာကြောင့် ကြေးအိုးဆိုင်ဘက်ကို သူလှည့်ခဲ့တယ်။ ဝက်ကြေးအိုး မှာထားတာကို စောင့်နေချိန်မှာ ဆိုင်ပြင်ပကို သူ စူးစမ်းမိတယ်။ ဆိုင်ရဲ့မျက်စောင်းထိုးမှာ ခွေးလေး နှစ်ကောင်နဲ့ အမျိုးသားတစ်ယောက်၊ မြို့ထဲ လမ်းမတွေပေါ်မှာ ခွေးပေါက်တွေကို လာရောက် ရောင်းချသူတွေ ရှိတယ် ဆိုတာကိုတော့ ဟိုးယခင်ကတည်းက သူ မြင်ဖူးနေတယ်။ ခွေးလေးတစ်ကောင်က မီးခိုးရောင်နဲ့ ရွှေဝါရောင်ပေါင်းစပ်ထားပြီး အတော် ချစ်စရာကောင်းတယ်၊ သူ စိတ်ဝင်စားမိတာက နောက်တစ်ကောင်ကိုပဲ၊ မည်းနက်နေတဲ့ ခွေးကလေး၊ မျက်လုံးတွေက တောက်ရွှန်းနေတယ်၊ သနားကမား မျက်နှာပေါက် ရှိတယ်။ အဲဒီ ခွေးမည်းကလေးဟာ လမ်းသွားလမ်းလာတွေကို လျှာတစ်လစ်နဲ့ လိုက်ငေးနေတယ်။ ကြေးအိုးပန်းကန် ရောက်လာတယ်။ ကြေးအိုးဆိုင်မှာ စားပြီးသောက်ပြီး၊ ပိုက်ဆံရှင်းပြီးလို့ အပြင်ရောက်တယ် ဆိုရင်ပဲ လမ်းကူးပြီး ခွေးကလေးတွေရှိရာဆီ သူ သွားမိတယ်၊ ပြီးတော့ ခွေးမည်းကလေးရဲ့

mgyoe.com

ခေါင်းကို ပွတ်သပ်လိုက်တော့ ခွေးကလေးက မျက်စိလေး မှိတ်ပြီး ငြိမ်ခံတယ်၊ ခွေးက သုံးလေးလသား အရွယ်လောက်လို့ သူ မှန်းဆမိတယ်။ 'ဒီခွေးမည်းလေးက ဘယ်လောက်လဲ'လို့ ခွေးရောင်းတဲ့သူကို သူ မေးလိုက်တယ်။

သူ ရုပ်ရှင်ကြည့်မယ့် အစီအစဉ်ကတော့ ပျက်ခဲ့ပြီ။ အနီးအနားမှာ ခြင်းတောင်းတစ်လုံး ဝယ်၊ ခွေးလေးကို ထည့်ပြီး ရထားဘူတာဘက်ကို သူ ထွက်လာခဲ့တယ်။ ခွေးနဲ့ဆိုရင် လိုင်းကားတွေက ပြဿနာလုပ်နိုင်တယ်၊ ရထားနဲ့ကျတော့ သယ်ယူရ ပိုလွယ်ကူမယ်ဆိုတာကို သူ သိတယ်။ သူ့အိမ်ရဲ့အနောက်မှာ ကွင်းပြင်စုတစ်ခု ရှိတယ်၊ အဲဒီ ကွင်းပြင်တွေထဲမှာ နေထိုင်သူရယ်လို့ များများစားစား မရှိ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ရင်း ပျံ့ကျနေထိုင်တဲ့ မိသားစုနှစ်စုလောက်က တဲအိမ်သာသာလေးတွေ ဆောက်လုပ်ပြီး နေကြတာတော့ ရှိတယ်။ ရပ်ကွက်ထဲက ကလေးတွေနဲ့ လူငယ်လူရွယ်တွေလည်း အဲဒီကွင်းပြင်တွေကို အသုံးချကြတယ်၊ ကွင်းလွတ်တွေဟာ သူတို့ရဲ့ ကစားကွင်း၊ ဘောလုံးကွင်းတွေပေါ့။ ရပ်ကွက်ထဲက နွား၊ ဆိတ် မွေးသူတွေကလည်း သူတို့ရဲ့တိရစ္ဆာန်တွေကို အဲဒီကွင်းပြင်တွေမှာပဲ လွှတ်ကျောင်းပြီး စားကျက် စားစေတယ်။ အဲဒီကွင်းပြင်တွေနဲ့ မနီးမဝေးမှာတော့ သူ ဆင်းရတဲ့ ရထားဘူတာ။ ဘူတာကနေပြီး ကွင်းပြင်တချို့ကို ဖြတ်လို့ သူ့အိမ်ဆီ လျှောက်ခဲ့တယ်၊ လက်ထဲမှာတော့ ခွေးမည်းလေးထည့်ထားတဲ့ ခြင်းတောင်းနဲ့။ အိမ်ရောက်လျှင်ရောက်ချင်း ခွေးကလေးကို ရေတိုက်၊ ပြီးတော့ အောက်ထပ် မီးဖိုချောင်ထဲမှာ ထမင်းတစ်အိုးကို တည်၊ အိမ်မှာရှိနေတဲ့ ငါးရံ့ခြောက်ကို မီးဖုတ်၊ ဆီဆမ်း။ အားလုံး အဆင်သင့်ဖြစ်တဲ့အခါ သူကိုယ်တိုင်လည်း နည်းနည်းစား၊ ခွေးလေးကိုလည်း နယ်ဖတ်ပြီး ကျွေးတယ်။ အဲဒီနောက် အပေါ်ထပ်ကို တက်ကာ စာရေးစားပွဲမှာ ခဏထိုင်ရင်း စာဖတ်၊ ဆေးလိပ်သောက်၊ ပြီးတော့ အိပ်ရာဝင်ခဲ့တယ်။ ခွေးလေးက အောက်ထပ် လှေကားရင်းမှာ ရှိတဲ့ ခြေသုတ်ဖုံ အဝတ်စထူထူပေါ်မှာ ခွေအိပ်တယ်။

* * *

mgyoe.com

လတချို့ ကုန်လွန်လာတာနဲ့အမျှ ခွေးလေးက အရွယ်ကြီးလာတယ်။ တစ်နှစ်နီးပါး အရွယ်လောက်မှာ ခွေးမည်းက အပြင်ထွက် လည်တာ၊ ဟိုဒီ လျှောက်သွားတာမျိုးတွေ များလာတယ်၊ ဒါက ခွေးတို့ရဲ့ လွတ်လပ်တဲ့ သဘာဝရယ်ပဲဆိုပြီး သူကလည်း လွှတ်ထားတယ်၊ အိမ်ပြန်လာတဲ့အခါ အပြင်က ခွေးတစ်ကောင်ကောင်နဲ့ ကိုက်ပြီး ဒဏ်ရာပါလာတာမျိုးတွေ ရှိတယ်၊ ဒီအခါ သူက ခွေးရဲ့ဒဏ်ရာကို ဆေးကြော ကုသပေးတယ်။ ဒီလို အချိန်ကုန်ရတာကို သူ အရသာတွေ့လာတယ်၊ အဓိပ္ပာယ်တစ်စုံတစ်ရာ ရှိသလိုလည်း ခံစားလာရတယ်၊ ပြီးတော့ ပေါ့ပါး ပျော်ရွှင်ခြင်းတွေ အတန်ငယ် ရှိလာတာပေါ့။ သူ အပြင်ထွက် လမ်းလျှောက်တဲ့အခါ ခွေးမည်းလေးက သူ့ဘေးကနေ ကပ်ပါလာတတ်တာကိုလည်း သူကြိုက်တယ်။ တစ်ခါတစ်ရံကျ ခွေးမည်းဟာ ကွင်းပြင်ထဲမှာ ဘောလုံးကစားနေတဲ့ လူတွေကြားထဲ ဝင်ရောပြီး ပြေးလွှားနေတတ်တယ်၊ ဒါကိုသူက အိမ်အပေါ်ထပ် ပြတင်းပေါက်ကနေ လှမ်းကြည့်ရင်း ကြည်နူးနေမိတယ်။ ခွေးအတွက် ပုံမှန်လုပ်ပေးရတဲ့ အလုပ်တွေလည်း ရှိလာတယ်၊ ဉပမာအားဖြင့် ခွေးစားဖို့ ဝက်အရိုး ဝယ်ရတာတို့၊ ခွေးသန်းရှင်းပေးရတာတို့ပေါ့။ ခွေးသန်းရှင်းတဲ့ ကိစ္စမှာတော့ အစတုန်းက သူကိုယ်တိုင် သူ့လက်နဲ့ ရှာဖွေပြီး ရှင်းပေး သတ်ပေးတယ်၊ လက်ဝင်သလောက် ဇက်လည်း အတော်ညောင်းတဲ့ အလုပ်။ ဆုလာဘ်ကတော့ သန်းရှင်းပေးပြီးတဲ့အခါ သူ့ရဲ့ခွေး တစ်ကိုယ်လုံး ယားယံမနေတော့ဘဲ ပေါ့ပေါ့ပါးပါး ဖြစ်သွားတာကို မြင်တွေ့ရခြင်း ဖြစ်တယ်။ ခွေးကို ရေချိုးပေးနိုင်ရင် ပိုကောင်းမယ်ဆိုတာကို သူ သိတယ်၊ လုပ်လည်း လုပ်ကြည့်ဖူးတယ်၊ ဒါပေမဲ့ သူ့ခွေးက ရေချိုးပေးတာကို မကြိုက်၊ တစ်ခါတုန်းက ရေချိုးပေးဖို့ ကြိုးစားတာမှာ ထွက်ပြေးသွားပြီး၊ အိမ်ကို တော်တော်နဲ့ ပြန်မလာဘူး။ ဒါနဲ့ သူလည်း ရေချိုးတဲ့ အစီအစဉ်ကို လက်လျှော့ပြီး၊ ခွေးအိပ်နေတုန်း ရေစိုအဝတ်နဲ့ ပွတ်တိုက်ပေးတာမျိုးလောက်ပဲ လုပ်ပေးနိုင်တယ်။ ဒီလိုနဲ့ ခွေးသန်းကိုလည်း ထိုနည်းလည်းကောင်း လက်နဲ့ပဲ

mgyoe.com

ရှင်းပေးရတယ်။ အစတုန်းမှာက ခွေးသန်းတွေရဲ့ သဘောကိုလည်း သိပ် မသိတော့၊ ခက်ခဲတယ်။ သန်းတွေကို တစ်နေကုန် စောင့်သတ်နေပေမဲ့၊ နောက်ရက်ဆို ပြန်ပေါ်နေတာပဲ။ နောက်တော့ ခွေးအမွေးတွေ ကြားထဲမှာ အမွေးတွေကို တွယ်ကပ်နေတဲ့ အမည်းစက်ကလေးတွေကို သတိထားမိ လာတယ်။ အဲဒီအမည်းစက်တွေကို လက်သည်းနဲ့ ဖိချေကြည့်တော့ သွေးရောင်ထွက်ပြီး ပြားကပ်သွားတဲ့ သန်းဥတွေပဲဆိုတာ သိလိုက်ရတော့ တယ်။ အဲဒီနောက်ပိုင်း သန်းဥတွေကို အရင်ကုန်အောင် ရှင်းနိုင်တဲ့အတွက် ခွေးသန်းပြဿနာ အတော် ပြေလည်လာတယ်။ ဒီ့ထက် ပြေလည်စရာ ဖြစ်လာတာက အစက်ချဆေး ပေါ်လာတာပဲ၊ ဒီတော့ သန်းတွယ်ပြီဆိုတိုင်း အဲဒီဆေးနဲ့ပဲ လွယ်လင့်တကူ နှိမ်နင်းနိုင်လာတယ်။

* * *

မိုးကုန်လို့ ငွေ့ငွေ့ကလေးသာ အေးတဲ့ ဆောင်းကို ရောက်လာတယ်။

တစ်မနက်ခင်းမှာ သူ့ရဲ့ခွေး အပြင်ထွက်သွားပြီး အိမ်ပြန်လာတော့ လှေကားရင်းက ခြေသုတ်ဖုံပေါ်မှာ ထိုင်ပြီး သူ့ကိုယ်ပေါ်က နေရာတချို့ ကို သူ့ရဲ့ သွားတွေနဲ့ သဲကြီးမဲကြီး ထိုးမွှေကိုက်နေတယ်။ ဒါနဲ့ ခွေးမည်း နားကို သူ တိုးသွားပြီး အမွေးတွေကို ဖွရှုကြည့်တော့ သန်းတွေ တွေ့ရ တယ်၊ 'ဘယ်နေရာကနေ ပြန်လာလို့များ အဲသလောက် များတဲ့ သန်းတွေ ပါလာတာလဲဟယ်'လို့ ခွေးကို ကြိမ်းမောင်းသလိုမျိုး သူ ပြောတယ်။ ပြီးတော့ ခွေးသန်းသတ်တဲ့ အစက်ချဆေးကို ယူပြီး ခွေးရဲ့ကုပ်ကြားထဲ အစက်ချပေးလိုက်တယ်။ အဲဒီနေ့က သူ့ရဲ့ခွေးမည်း တစ်နေကုန် မှိုင်နေ တယ်၊ ဘယ်မှ မသွား၊ အစာလည်း မစားဘဲ ခြေသုတ်ဖုံပေါ်မှာပဲ ခွေနေ တယ်။ ညနေရောက်တော့ အပြင်ကို ခဏထွက်သွားတယ်၊ ပြီးတော့ ပြန် ရောက်လာပြန်ပြီး ခွေနေပြန်တယ်။ အစာပန်းကန်ကို ခွေးအနား ယူသွား ရင်းနဲ့ ခွေးရဲ့အခြေအနေကို သူ အကဲခတ်ကြည့်မိတယ်၊ တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ သေချာတယ်၊ လေပဲ နာနေသလားလို့ သူ စဉ်းစားကြည့် တယ်။ ခွေးရဲ့ မည်းနက်သားမွေးကို သူ ပွတ်သပ်ပေးနေခိုက် သူ့ရဲ့

mgyoe.com

mgyoe.com SAMPLE BOOK


လက်အောက်မှာ တစ်ခုခု ရွေ့သွားသလို ခံစားမိတယ်။ ဒါကြောင့် သေသေချာချာ ကြည့်မိတော့ ခွေးသန်းမည်းမည်းတစ်ကောင်၊ လက်သန်း လက်သည်းခွံလောက် ရှိတယ်၊ သူ ကြည့်နေခိုက်မှာပဲ ခွေးရဲ့ ကုပ်မွေး တွေထဲ တိုးဝင် ပျောက်ကွယ်သွားတယ်။ သူလည်း ခွေးကုပ်ကို ဖြဲရဲ ရှာကြည့်တယ်၊ မတွေ့။ ဒါနဲ့ တခြားနေရာတွေကိုပါ လိုက်ရှာမိတာ ခွေး တစ်ကိုယ်လုံး အနှံ့ပဲ၊ ဒါပေမဲ့ မတွေ့။ ခွေးမည်းခများမှာလည်း သူ ပြုသမျှကို ငြိမ်ခံရှာတယ်။ သူ အထင်မှားတာ ဖြစ်မယ်၊ ခွေးသန်း မဟုတ်ဘဲ တခြား ပိုးကောင်တစ်ကောင်ပဲ ဖြစ်ရမယ်၊ ထပျံသွားတာမျိုး လည်း ဖြစ်နိုင်တာပဲလို့ သူ တွေးတယ်။ အဲဒီညက သူ အိပ်မောကျနေတုန်း ခွေးညည်းတဲ့ အသံကို အပေါ်ထပ်ကနေ ကြားရတယ်၊ သူ ဆင်းကြည့်တော့ ခွေးက အခြေအနေ မကောင်းတော့ဘူး၊ လျှာက အပြင်ကို တစ်လစ်ကြီး လည်ကျနေပြီး၊ မျက်လုံးတွေက မှေးနေတယ်၊ ပါးစပ်ကနေ တစီစီ အသံ ပြုရင်း ညည်းတယ်။ သူလည်း ဘာလုပ်လို့ လုပ်ရမယ်မှန်း မသိ၊ ဘေးမှာ ထိုင်ပြီးတော့ ခွေးရဲ့ခေါင်းကို ပွတ်လို့သာ ချော့မြှူ နှစ်သိမ့်ပေးနိုင်တယ်။ တော်သေးတာက၊ နောက်တစ်နာရီလောက် အကြာမှာပဲ ခွေးက ငြိမ်ပြီး အိပ်ပျော်သွားတယ်။ သူလည်း အိပ်ရာပြန်ဝင်ခဲ့တယ်။

နောက်နေ့ မနက်ကျတော့ အိပ်ရာက ထထချင်း သူ့ခွေး အခြေ အနေကို သတိရပြီး အောက်ထပ်ကို ခပ်မြန်မြန် ဆင်းခဲ့တယ်။ ခွေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းပဲ၊ တိုးတက်မှုတစ်ခုကတော့ သူ ညက ထားရစ်ခဲ့တဲ့ အစာပန်းကန်ဟာ ပြောင်ရှင်းလို့နေတယ်။ သူ့ခွေး အစာစားနိုင်ပြီဆိုတော့ နေကောင်းလာတဲ့ လက္ခဏာပဲလို့ သူ မြင်တယ်။ အိပ်ပျော်နေတဲ့ ခွေးမည်းကို သူ ကြည့်မိတယ်၊ သူ့အိမ် ရောက်လာပြီး နောက်ပိုင်း သူ့ခွေးမည်း ဘယ်လောက်တောင် ကြီးလာ၊ ထွားလာသလဲ ဆိုတာကို သူ့ရှေ့မှာ မျက်ဝါးထင်ထင် မြင်တွေ့နေရတာမို့ ဝမ်းသာမိ တယ်။ အဲသလို ကြည့်နေခိုက်မှာပဲ အဖုလုံးတစ်ခုက ခွေးရဲ့ဝမ်းဗိုက် ပေါ်မှာ ရွေ့လျားသွားတယ်၊ ကိုယ်ပေါ်က မဟုတ်၊ အရေပြားအောက် ကနေ ရွေ့သွားတာ။ သူ ဘုရား တ,လိုက်မိတယ်။ အဖုက ဂေါ်လီလုံး

mgyoe.com

mgyoe.com SAMPLE BOOK


တစ်လုံးစာလောက် ရှိတယ်။ သူ အတော်ပဲ စိုးရိမ်သွားတယ်၊ အဲဒါ ဘာ ကြီးလဲ၊ ခွေးဗိုက်ထဲကို ဘာဝင်နေတာလဲ၊ မေးခွန်းပေါင်း များစွာ။ ဆရာဝန် ပြကြည့်မှပဲလို့ သူ တွေးတယ်၊ ဒါပေမဲ့ သူ နေထိုင်တဲ့ ရပ်ကွက် ဝန်းကျင်မှာ တိရစ္ဆာန်ဆေးကုခန်း မရှိဘူး၊ နာရီဝက်လောက် ကားစီး သွားရတဲ့ ဈေးလမ်းဆုံတစ်ခုမှာပဲ ရှိတာ၊ အစက်ချေဆေးကိုလည်း အဲဒီ နေရာကပဲ ရခဲ့တာ။ အဲဒီနေ့က ဆောက်လုပ်ရေးသမား တစ်ယောက်နဲ့ သူ ချိန်းထားတယ်။ သူ့ရဲ့ ပျဉ်ထောင်အိမ်ကို ဖြိုပြီး တစ်ထပ်တိုက်လေး ဆောက်မလို့ သူ စဉ်းစားနေတာ သီတင်းပတ် အနည်းငယ် ရှိပြီ။ သူက လည်း အသက်ကြီးလာပြီဆိုတော့ လှေကား အတက်အဆင်းတွေ သိပ် မလုပ်နိုင်တော့ဘူး။ သူ့မှာ စုဆောင်းထားတဲ့ ပိုက်ဆံအချို့ ရှိတယ်၊ အခု အဲဒီငွေလေးနဲ့ အိမ်ဆောက်မလို့ပဲ။ အိမ်ဆောက်ချင်စိတ်ကို ဖြစ်ပေါ် စေတဲ့ နောက်ထပ် အကြောင်းရင်းတစ်ခုက သူ့ဘဝမှာ အရင်ကနဲ့ နှိုင်း ယှဉ်ရင် အများကြီး ပျော်ရွှင် ပေါ့ပါးလာရလို့ပါပဲ၊ အဲဒါက ခွေးမည်းလေး ကြောင့် ဆိုလည်း မမှားဘူး။ ခွေးမည်းလေးဟာ သူ့အတွက် ပျော်ရွှင်မှု တွေ ယူလာတယ်၊ သူ့အတွက် အဖော်ကောင်းတစ်ဦး ဖြစ်လာတယ်။ ဆောက်လုပ်ရေးသမားက တခြားမြို့နယ်တစ်ခုမှာ နေတာဆိုတော့ အဲဒီ အလုပ် တစ်ခုတည်းနဲ့တင် တစ်နေကုန်သွားမှာ ဖြစ်တယ်။ တိရစ္ဆာန် ဆေးကုခန်းကို နောက်ရက်မှပဲ သွားဖို့ သူ ဆုံးဖြတ်လိုက်တယ်။

* * *

အဲဒီနေ့က ဆောက်လုပ်ရေးသမားဆီ သွားတဲ့ လမ်းတစ်လျှောက် သူ့ရင်မှာ လေးလံခြင်း အတိ။ အိမ်က ထွက်လာခါနီး သူ မြင်ခဲ့ရတဲ့ မြင်ကွင်းကြောင့်လည်း ပါတယ်။ ခွေးကို တစ်ကောင်တည်း ထားခဲ့ရမှာ ဆိုတော့ အစာပန်းကန်အသစ်ကို ပြင်ဆင်ပြီး သူ့အနား ချ၊ ရေခွက်ထဲကို ရေဖြည့်၊ ပြီးတော့ အိပ်နေတဲ့ သူ့ခေါင်းကို ပွတ်သပ်မိတယ်။ သူ့ခေါင်းကို ထိမိတယ်ဆိုရင်ပဲ ခွေးက ဆတ်ခနဲ ခေါင်းထောင်ပြီး သူ့လက်ကို ပါးစပ်နဲ့ လှမ်းဟပ်တယ်၊ သူ့လက်ကို အမြန် ရုတ်လိုက်ရတယ်။ ခွေးက ဒေါသ

mgyoe.com

mgyoe.com SAMPLE BOOK


တကြိုးနဲ့ တဂီးဂီး လုပ်နေတယ်၊ သူ့မျက်လုံးတွေက နီရဲတောက်လျက်၊ သူ့ခန္ဓာကိုယ်က သားရေလုံးတစ်ခုလို ရှန်းကြွ ရွှေ့လျားလျက်။ အဲဒီခဏမှာပဲ ခွေးက သူ့ခေါင်းကို ခြေသုတ်ဖုံပေါ် မှေးတင်လို့ မျက်စိ ပြန်မှိတ်သွားတယ်။ သူလည်း မသိမသာလေး ထလာပြီး၊ အပြင်ထွက်ခဲ့တယ်၊ အိမ်တံခါးမကို ခပ်ဟဟလေး ထားခဲ့တယ်၊ ခွေးနိုးလားလို့ ခြံထဲ လျှောက်ချင်ရင် လျှောက်နိုင်အောင်ပါ၊ အိမ်ခြံတံခါးကိုသာ သူ သော့ခတ်ခဲ့တယ်။ ခွေးက ဘာဖြစ်မှန်း မသိတာကြောင့် သူ့စိတ်ထဲမှာ ထွေပြားခြင်းတွေ ဖြစ်ရသလို၊ ဝမ်းနည်းစိတ်လည်း အလွန် ဖြစ်ရတယ်။

* * *

ဆောက်လုပ်ရေးသမားနဲ့ ဆွေးနွေးတဲ့ ကိစ္စက အဆင်ပြေတယ်။ ခန့်မှန်း ကုန်ကျစရိတ်က သူ မှန်းထားတာထက် နည်းနည်း ပိုနေပေမဲ့ သူ တတ်နိုင်တဲ့ ပမာဏမို့ ပြဿနာမရှိဘူး။ ဒါပေမဲ့ စာချုပ် မချုပ်ခဲ့သေးဘဲ ခဏ စဉ်းစားပါရစေလို့ သူ ပြောခဲ့တယ်။ သူ့စိတ်ထဲမှာ မတင်မကျ ဖြစ်နေတယ်၊ ခွေးအတွက် ပူပန်မှုကသာ လွန်ကဲ များပြားနေတယ်။ အိမ်ပြန်ရောက်တော့ ခွေးကို သူ့နေရာဖြစ်တဲ့ ခြေသုတ်ဖုံပေါ်မှာ မတွေ့ရဘူး။ ဒါနဲ့ အိမ်အောက်ထပ်အနှံ့ ရှာကြည့်တော့ မီးဖိုချောင်ထဲက ကြောင်အိမ်ရဲ့အောက်မှာ ရောက်နေတာကို တွေ့ရတယ်။ သူ ငုံ့ကြည့်တော့ ခွေးက အေးစက် နီရဲတဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်တယ်၊ သူက လက်လှမ်းဖို့ ပြင်တော့ ပါးစပ်ကို ဖြဲပြီး တဂီးဂီး လုပ်တယ်။ သူ့လက်ကို ပြန်ရုတ်လိုက်ရပြန်တယ်။ မနက်ကျရင်တော့ အိပ်ရာက ထတာနဲ့ တိရစ္ဆာန်ဆေးကုခန်းဆီ သွားရမယ်လို့ သူ့ဟာသူ ရေရွတ်လိုက်တယ်။

နောက်နေ့မနက် နိုးလာတော့ အောက်ထပ်ကို ချက်ချင်း ဆင်းပြီး ခွေးကို ရှာတယ်၊ ရှာမတွေ့ဘူး။ ခြံထဲမှာ ရှာကြည့်တော့ ခွေးက အိမ်ကို ကျောပေးပြီး ခြံတံခါးဝမှာ ရပ်နေတယ်၊ တံခါးကို မော့ကြည့်ပြီး တဂီးဂီးနဲ့ လုပ်နေတယ်။ သူ့စိတ်ထဲမှာ နည်းနည်း ထူးဆန်းသွားတယ်။ မနက်ဘက်ဆိုရင် သူ့ခွေးက အညစ်အကြေးစွန့်ဖို့အတွက် ခြံအပြင် ထွက်လေ့ရှိတယ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုတာကို သူ သိတယ်၊ ဒီခွေးက ခြံထဲမှာ အညစ်အကြေးစွန့်လေ့ မရှိဘူး။ ဒါပေမဲ့ ပုံမှန်ဆိုရင် ခြံအနောက်ဘက်မှာ ရှိတဲ့ အပေါက်တစ်ခုကနေ ထွက်လေ့ ရှိတယ်၊ ခွေးမည်းကိုယ်တိုင် သူ့တစ်ကိုယ်စာ ထွက်လို့ရအောင် ခြံစည်းရိုးအောက်မှာ ကပ်တူးထားတဲ့ ခွေးတိုးပေါက်တစ်ခုပါပဲ။ အခု ကျတော့ သူ့ခွေးက အဲဒီအပေါက်ဆီ မသွားဘဲ ခြံတံခါးမှာ လာရပ်နေ တယ်။ ခွေးအနားကို တိုးသွားရင်း သူ သတိထားမိတာတစ်ခု ရှိတယ်၊ သူ့ခွေးရဲ့ကိုယ်က လုံးတစ်နေတယ်၊ အသားတွေက ပုံမှန်ထက် တင်းကား နေတယ်။ အဖုလုံးကြီး တစ်လုံးကလည်း သူ့အရေပြားအောက်မှာ ရွေ့ နေတယ်။ ဂေါ်လီလုံးလောက်အရွယ် မဟုတ်တော့ဘဲ ကျွဲကောသီးအရွယ် နီးပါး ဖြစ်နေပြီ။ အဲဒီအခိုက်မှာပဲ ခွေးက ယားယံနေသလို တွန့်လိမ်လာ ပြီး သူ့ကိုယ်ကို ခါလိုက်တယ်၊ သူ့ကိုယ်ပေါ်က အမွေးတွေ အဖုတ်လိုက် ကျွတ်ထွက်ကုန်တယ်။ အမွေးကျွတ်သွားတဲ့ နေရာမှာ သူ့အရေပြားက မည်းပြောင်ပြောင်ကြီး၊ ခန္ဓာကိုယ်က ဟိုနေရာက ခုံးလာလိုက် ဒီနေရာက ကြွလာလိုက်နဲ့၊ လှုပ်ရှနေတယ်။ သူ အတော့်ကို ထိတ်လန့်သွားတယ်။ ခြံတံခါးကို ခပ်မြန်မြန် ဖွင့်လိုက်တယ်၊ တံခါးပွင့်တယ် ဆိုရင်ပဲ ခွေးမည်း ဟာ တစ်ချိုးတည်း ပြေးထွက်သွားတော့တယ်။ ခဏတော့ စောင့်ကြည့် ရမှာပဲလို့ သူ ဆုံးဖြတ်လိုက်တယ်။ နောက်တစ်နာရီလောက် ကြာသည် အထိ ခွေးက ပြန်မလာဘူး။ သူလည်း အဝတ်တချို့လျှော်ဖွပ်ဖို့ ရှိတာကို လျှော်ဖွပ်၊ ပြီးတော့ အဝတ်တွေကို အိမ်ရှေ့ ခြံထဲမှာ ထုတ်လှန်းတယ်။ အဲဒီအခိုက်မှာပဲ အသက် ၁၃၊ ၁၄ နှစ်အရွယ် ကောင်လေးတစ်ယောက် အပြေးအလွှား ရောက်လာပြီး 'ဆရာမကြီးရေ၊ ကွင်းထဲမှာ၊ ဆရာမကြီး ရဲ့ခွေး ကျွန်တော့်နွားတွေကို လိုက်ကိုက်နေတယ်'လို့ အမောတကော ပြောတယ်၊ ပြီးတော့ ပြန်ပြေးထွက်သွားတယ်။ အဲဒီကလေးကို သူ သိတယ်။ နွားမွေးတဲ့အိမ်က ကလေး၊ သူ့မိဘတွေနဲ့ကလည်း ရင်းနှီး လှတယ် မဟုတ်ပေမဲ့၊ မျက်မှန်းတော့ တန်းမိတယ်။ ကောင်လေးနောက် ကို သူ ပြေးလိုက်သွားတယ်၊ သူ့အိမ်အနောက်ဘက်က ကွင်းပြင်ဆီ။ ကွင်းထဲမှာ လူသုံးလေးယောက် ရှိနေတယ်၊ အော်ဟစ်နေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


သူတို့ ကြည့်ရှု အော်ဟစ်နေတဲ့ နေရာကို သူ ကြည့်လိုက်တော့ ကြောက်လန့်တကြား ပြေးနေတဲ့ နွားတချို့၊ သေသေချာချာ ကြည့်တော့ နွားမဝဝဖီးဖီး တစ်ကောင်ရဲ့ ပေါင်ပေါ်မှာ ခပ်မည်းမည်း အရာတစ်ခုက တွယ်ကပ်နေတယ်၊ နွားက ခါချပေမဲ့ မကျ၊ အဲဒါ သူ့ရဲ့ခွေးမည်း ဖြစ်နေတော့တယ်။ ခွေးက နွားပေါင်ကို ကုပ်တွယ်ပြီး ကိုက်ခဲထားပုံဟာ ခွေးတစ်ကောင်ရဲ့ အပြုအမူနဲ့ပင် မတူဘဲ ပိုးကောင်မည်းမည်းကြီး တစ်ကောင်က သွေးဝအောင် စုပ်နေတာနဲ့ပဲ ပိုတူနေတယ်။ ခွေးကိုယ်မှာ အမွေးတွေလည်း မရှိတော့ဘဲ မည်းပြောင်ပြောင်ကြီး ဖြစ်နေတယ်။ လူငယ်တစ်ယောက်က ဝါးလုံးရှည် တစ်လုံးကို ယူလာပြီး ခွေးကို လှမ်းထိုးတယ်၊ သို့ပေမဲ့ ခွေးက ပြုတ်မကျ၊ နွားကို သဲကြီးမဲကြီး ကိုက်နေတယ်။ လူငယ်ကလည်း အားလျှော့မသွားဘဲ၊ ဝါးလုံးနဲ့ ဆက်ထိုးတယ်၊ အားကုန်တစ်ချက် ထိုးလိုက်ချိန်မှာတော့ ခွေးရဲ့ခေါင်းကို ထိုးမိလို့ ခွေး မြေကြီးပေါ်ကို ပြုတ်ကျလာတယ်၊ ဝါးလုံးကိုင်ထားသူ လူငယ်ဘက်ဆီ ပြေးလာပြီး လူငယ်ရဲ့လက်မောင်းကို ကိုက်တယ်။ လူငယ်လည်း ကြောက်အားလန့်အား အော်ဟစ်နေတုန်း နွားမွေးတဲ့အိမ်ကလူ ရောက်လာတယ်၊ လက်လုပ်သေနတ်တစ်လက် ပါလာတယ်၊ အဲဒီသေနတ်နဲ့ ခွေးကို လှမ်းပစ်တော့ ခွေးလည်ပင်း ရှပ်မှန်ပြီး လူတွေနဲ့ အဝေး၊ ကွင်းပြင်ရဲ့အလွန်ကို ပြေးထွက်သွားတော့တယ်။ နွားပိုင်ရှင်နဲ့ နောက်ထပ် ရောက်လာသူယောကျ်ားတချို့ ခွေးနောက်ကို လိုက်သွားကြတယ်။ 'သတ်ပစ်လိုက်မှ ရန်အေးမှာ'လို့ တစ်ယောက်က မှတ်ချက်ပြုတယ်။ သူကတော့ မျက်ရည်သွင်သွင်ကျရင်း ခွေးမည်း ပြေးထွက်သွားရာ ကွင်းပြင်အလွန်ကိုသာ ငေးကြည့်နေမိတယ်။

သူတို့ ခွေးကို ဖမ်းမမိခဲ့ကြဘူး။ ခွေးက သူ့အိမ်ကိုလည်း ပြန်မလာတော့ဘူး။ ဒါပေမဲ့ ညဘက်တွေမှာ အပေါ်ထပ်က ပြတင်းပေါက်မှာ ရပ်ပြီး ကွင်းပြင်ဘက်တွေဆီ သူ ကြည့်တဲ့အခါ သူ့ရဲ့အိမ် နောက်ဖေးဘက်နားဆီမှာ နီရဲနေတဲ့ မျက်လုံးနှစ်စုံကို တွေ့ရတတ်တယ်၊ အမှောင်ထဲကနေ သူ့ကို လှမ်းကြည့်နေတဲ့ မျက်လုံးတွေ။ သူ့ရဲ့ခွေးမည်းပဲဆိုတာ

mgyoe.com